မောင်းတုံကျေးရွာ

ပုပွါကျေးရွာအုပ်စု ၊ ပုလဲမြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ မောင်းတုံကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုလဲမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

မတ် လ၊ ၂၀၂၀

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
မာတိကာ	၁-၂
၁။ မောင်းတုံရွာသဘာဝသယံဇာတပြမြေပုံ	၃
၂။ မောင်းတုံကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်	၄
၃။ တည်နေရာနှင့် ပထဝီအနေအထား	၅
၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	၅
၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ	
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၅
(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၅-၆
(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ	၆
(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု	၆-၇
(င) ပညာရေး	၇
(စ) ကျန်းမာရေး	၇
(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၇
(ဇ) ကျား – မ ရေးရာ	၈
၆။ ဦးစားပေးဆောင်ရွက်မည့် နှစ်အလိုက်ဖွံ့ဖြိုးရေးလုပ်ငန်းများ	၉

မာတိကာ


အကြောင်းအရာ စာမျက်နှာ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား ၁၂–၁၅

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ ၁၆–၅၆

၁။မောင်တုံကျေးရွာသဘာဝသယံဇာတပြမြေပုံ



၃။ တည်နေရာနှင့် ပထဝီအနေအထား

မောင်းတုံကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ ပုပွါကျေးရွာအုပ်စုတွင် ပါဝင်ပြီး မြောက်ဘက်တွင် ယင်းမာပင်မြို့နယ်တည်ရှိပါသည်။ ကျေးရွာသည် မုံရွာ-လယ်ငေါက်- ချင်ပြစ်လမ်းမကြီးဘေးတွင် တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။ မောင်းတုံကျေးရွာတွင် နိုင်ငံတော် အစိုးရအထိ အမှတ်ပြုဂေဇက်ဝင် အမေရေယဉ်နန်းရင်းရွှေနန်းတော်ရှိပါသည်။ နှစ်စဉ်တပေါင်းလရောက်တိုင်း အမေရေယဉ်တပေါင်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပပါသည်။

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

မောင်းတုံကျေးရွာသည် မြန်မာနိုင်ငံအလယ်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ အလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတွင် ပါဝင်သောကြောင့် ရာသီဥတု မမှန်သည့်ဒဏ်ကို များစွာခံရပါသည်။ မိုးရေချိန်လက်မ(၃၀)ဝန်းကျင်ခန့် ရရှိပါသည်။ သဘာဝပေါက်ပင်များမှာ ထန်း၊ မန်ကျီး၊ ဇီး၊ တမာ၊ ညောင်၊ ကုက္ကို၊ ထနောင်းစသော အပင်များ ပေါက်ရောက်ပါသည်။ စပါးစိုက်ပျိုးနိုင်သော လယ်(၂၀၄) ဧကနှင့် ယာသီးနှံ စိုက်ပျိုးနိုင်သော ယာဧက (၂၄၈)ဧက ရှိပါသည်။

၅။ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

မောင်းတုံကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေး၊ နာရေးလုပ်ငန်းများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ ကျန်းမာရေးဆိုင်ရာ လူမှုလူညီရေးအဖွဲ့၊ ဘာသာရေးဆိုင်ရာ အကျိုးဆောင်ဂေါပကအဖွဲ့၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့များရှိခြင်းကြောင့် ကျေးရွာ၏ သာရေးနာရေးကိစ္စများ ဘာသာရေးပွဲများတွင် အမျိုးသား၊ အမျိုးသမီးများ တက်ညီ၊ လက်ညီ ဆောင်ရွက်ကြပါသည်။ မီးဘေးအန္တရာယ်လုံခြုံမှုရှိစေရေးအတွက် အုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ နည်းလမ်းများကြောင့် မီးဘေးလုံခြုံမှုရှိကြောင်း တွေ့ရှိရပါသည်။ ခြုံငုံ၍ သုံးသပ်ရပါလျှင် ဘာသာရေးဖွဲ့များနှင့် သာရေးနာရေးပွဲများ ဆောင်ရွက်ရာတွင် အားကောင်းသော်လည်း အများဝိုင်းဝန်းဆောင်ရွက်သော ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားကောင်းမှုနည်းသေးကြောင်း စီစစ်တွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

မောင်းတုံကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ဆည်ရေသောက် ဧရိယာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများသည် သီးနှံအထွက်နှုန်းကောင်းမွန်ကြပါသည်။ မိုးစပါး၊ စိုက်ဧက (၄)ဧကအနက် ဧက(၁၅၀)ခန့်သည် ဆည်ရေသောက်ဧရိယာတွင် ပါဝင်ပါသည်။ ဆည်ရေသောက် ဧရိယာတွင် (၁)ဧက အထွက်နှုန်း တင်း(၄၀)မှ အများဆုံး(၈၀)တင်းအထိ ထွက်ရှိပါသည်။ မိုးကောင်းသောက်ဧရိယာတွင် (၁)ဧက အများဆုံး(၆၀)တင်းရှိပြီး အနည်းဆုံးတင်း (၂၅)ထွက်ရှိပါသည်။ ယာသီးနှံစိုက်ပျိုးသော (၂၅၂)ဧကသည် မိုးဦးကာလတွင် မိုးနှမ်းစိုက်ပျိုးပြီး မိုးနှောင်းကာလတွင် ကုလားပဲသီးနှံများ စိုက်ပျိုးကြပါသည်။

ယာသီးနှံများဖြစ်သော မိုးနှမ်းသည် မိုးမမှန်ခြင်းကြောင့် ထိရောက်စွာ ရရှိခြင်းမရှိပါ။ ဆောင်းသီးနှံ ကုလားပဲသည်လည်း ရာသီဥတုမမှန်ခြင်းကြောင့် အထွက်နှုန်းမကောင်းခြင်းနှင့် သီးနှံစျေးကွက် နိမ့်ကျခြင်းများကြောင့် စိုက်ပျိုးရေးတောင်သူများသည် ထိခိုက်နစ်နာမှုများရှိပါသည်။ အခြားဝင်ငွေရ သီးနှံများကို ပြောင်းလည်း စိုက်ပျိုးနိုင်ခြင်း မရှိသေးပါ။ နိုင်ငံတော်စိုက်ပျိုးရေးဌာနမှ တောင်သူများ ဘဝဖွံ့ဖြိုးတိုးတက်စေရန် ဝင်ငွေရသီးနှံများ ပြောင်းလည်းစိုက်ပျိုးခြင်းဆိုင်ရာ နည်းပညာပံ့ပိုးခြင်း မတည်ရင်းနှီးငွေ ထုပ်ချေးခြင်းများ ဆောင်ရွက်ပေးနိုင်ပါလျှင် တောင်သူများ အကျိုးဖြစ်ထွန်းနိုင်ပါသည်။

စိုက်ပျိုးသီးနှံများ အထွက်နှုန်းမကောင်းခြင်း၊ စျေးကွက်နိမ့်ကျခြင်းများကြောင့် မိသားစုဝင်များသော တောင်သူများနှင့် လုပ်သားများသည် ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်သားများအဖြစ် သွားရောက်လုပ်ကိုင် မိသားစုများကို ထောက်ပံ့ကြပါသည်။ လယ်ယာကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ဒေသခံများအနေဖြင့် စျေးကွက်နည်းပညာများမြှင့်တင်ဆောင်ရွက်နိုင်စွမ်း မရှိပါ။

(ဂ)အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

မောင်းတုံကျေးရွာတွင် ကျေးရွာသူ/သားများသည် သန့်ရှင်းသော သောက်သုံးရေကို အဝီစိတွင်း/တုံကင်တွင်းများ တူးဖော်အသုံးပြုကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စုအားလုံး၏ ခန့်သည် ကိုယ်ပိုင်ရေတွင်းများ သုံးစွဲနိုင်ကြပါသည်။ ကျေးရွာတွင် လွန်ခဲ့သော နှစ်ပေါင်း(၂၈)နှစ်ခန့်က တည်ဆောက်ခဲ့သော ၆၀ ပေ x ၂၄ ပေ အခြေခံပညာမူလတန်းကျောင်း အဆောက်အဦးသည် ကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့သော အဆောက်အဦးသည် ဟောင်းနွမ်းလှပြီဖြစ်ပြီး ကျောင်းသားအင်အားနှင့် အဆောက်အဦး အချိုးညီမျှခြင်း မရှိပါ။ ကျန်းမာရေးအတွက် နေမကောင်းဖြစ်ခဲ့ပါလျှင် ပုထိုးသာ ကျေးလက်ကျန်းမာရေးဌာနသို့ သွားရပါသည်။ ရွာအဝင် ပင်မလမ်းမကြီးသည် ပေ(၂၀၀၀)ခန့်ရှိပြီး ပေ(၁၅၀၀)ခန့်သည် အမေရေယဉ်နန်း ရန်ပုံငွေဖြင့် တည်ဆောက်ထားပြီး ကျန်ပေ(၅၀၀)ခန့်သည်

ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ (VDP)ရန်ပုံငွေနှင့် လိုငွေကို ကျေးရွာမှ ဖြည့်စွက်တည်ဆောက်ထားခြင်းဖြစ်ပါသည်။ ၎င်းလမ်းမကြီးသည် (၁၈)ပေ ကျယ်ဝန်းပြီး ထု(၇)လက်မခင်းထားသော ကွန်ကရစ်လမ်းမကြီးဖြစ်ပါသည်။ ရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်ပါသည်။ မောင်းတုံကျေးရွာ၏ အိမ်ထောင်စု (၈၀%)ကျော်သည်။ နိုင်ငံတော်မဟာဓာတ်အားလိုင်းမှ ရယူအသုံးပြုပါသည်။ ကျန်အိမ်ထောင်စုများသည် ဆိုလာ ဘက်ထရီ ကိုယ်ထူကိုယ်ထ အသုံးပြုကြပါသည်။ လျှပ်စစ်မီးအသုံးမပြုနိုင်သော အိမ်ထောင်စုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် (၁၅၀၀၀၀)ကျပ်နှုန်းဖြင့် ထုပ်ချေးပါသည်။ ကျေးရွာတွင်လည်း NGO များမှ ပံ့ပိုးထူထောင်ခဲ့သော(Pact) မြန်မာ ကျန်းမာရေး နှင့် ဖွံ့ဖြိုးရေးချေးငွေနှင့်(Cesvi)အသင်းမှ ပံ့ပိုးထူထောင်ခဲ့သော မွေးမြူရေးနှင့် စိုက်ပျိုး ရေးဆိုင်ရာ အသေးစားငွေစုငွေချေးအစုအဖွဲ့ (၂)ဖွဲ့မှ ထုပ်ချေးချိန်နှင့် ပြန်လည်ပေးဆပ်ချိန်ကာလတိုချေးငွေစနစ်ကျ ထုပ်ချေးခြင်း၊ သတ်မှတ်ရက်တွင် ပြန်လည်ပေးဆပ်ခြင်းကို အသင်းအဖွဲ့ဝင်များ စည်းကမ်းလိုက်နာဆောင်ရွက်ကြကြောင်း တွေ့ရှိရပါသည်။ သို့သော် ငွေမတည် ငွေနည်းပါးခြင်း၊ ထုပ်ချေးလိုသူများပြားခြင်းကြောင့် ပြည့်စုံစွာ ထုပ်ချေးနိုင်ခြင်းမရှိပါ။ နိုင်ငံတော် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ပံ့ပိုးသော မြစိမ်းရောင်ချေးငွေကဲ့သို့ ပမာဏများပြားစွာ ဆောင်ရွက်ခွင့်ရရှိပါက ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်ပါသည်။

(c) ပညာရေး

မောင်းတုံကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတန်းအသင့်သာရှိကြောင်း တွေ့ရှိရပါသည်။ ရွာသူ/သား အများစုသည် အခြေခံ အရေးအဖက်အတွက်တို့ကို တတ်မြောက်သူများပြားပြီး အထက်တန်းပညာရေးထိ တတ်မြောက်သူ နည်းပါးပါသည်။ တက္ကသိုလ်ဘွဲ့ရဦးရေမှာ ကျေးရွာလူဦးရေနှင့် နှိုင်းယှဉ်လျှင် လွန်စွာနည်းကြောင်း တွေ့ရှိရပါသည်။ အလယ်တန်းအဆင့်ပညာရေးကို အခြားကျေးရွာများသို့ သွားရောက်သင်ယူရပါသည်။ ကျောင်းပြင်ပ ပညာရေးဖြစ်သော အသက်မွေးဝမ်းကြောင်း ကျွမ်းကျင်သင်တန်းများ လက်လှမ်းမမှီသောကြောင့် လူငယ်များ အသက်မွေးဝမ်းကြောင်း ပညာတွင် နိမ့်ကျနေဆဲဖြစ်ပြီး ၎င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များ မရှိသေးပါ။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှု မရှိသလောက် နည်းပါးပါသည်။ နွေရာသီတွင် အပူလွန်ကဲမှုဒဏ်ကို ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ ခံစားကြရပါသည်။ မိုးဦးကျကာလတွင် ခြင်မှတစ်ဆင့် ကူးစက်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားတတ်သော်လည်း အသက်သေဆုံးသည်အထိ ဖြစ်ပွားမှုမရှိပါ။ ဝါခေါင်တော်သလင်းလများတွင် ရာသီတုပ်ကွေးများ ဖျားနာတတ်ပါသည်။ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များကို လစဉ်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ကျန်းမာရေးဌာနမှ ဆောင်ရွက်ပေးပါသည်။ ထို့ပြင် ဘီတာမင်အေ ဆေးတိုက်ခြင်းအစီအစဉ်နှင့် အခါအားလျော်စွာ အာဟာရချို့တဲ့မှုကြောင့် ကလေးငယ်မျှ ဖွံ့ဖြိုးတိုးတက်မှု ကောင်းမွန်စေရန် ကျန်းမာရေးစစ်ဆေးခြင်းပေါင်ချိန်ခြင်းနှင့် ဖြည့်စွက်စာပံ့ပိုးခြင်း အစီအစဉ်များကိုလည်း ကျန်းမာရေးဌာနဝန်ထမ်းများမှ ဆောင်ရွက်ပါသည်။

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

မောင်းတုံကျေးရွာတွင် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတွင် ပါဝင်သောကြောင့် နွေဥတုတွင် ပူပြင်းခြောက်သွေ့မှုဒဏ်ကို များစွာခံရပါသည်။ မိုးဦးကျကာလတွင် မိုးသက်လေပြင်းတိုက်ခတ်ခြင်းကြောင့် လူနေအိမ်အဆောက်အဦးများ ပျက်စီးသည်ထိ တိုက်ခတ်မှုများရှိပါသည်။ မိုးကာလတွင် တစ်ခါတစ်ရံ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သီးနှံများ ထိခိုက်နစ်နာသော်လည်း ကြီးမားသော ပျက်စီးဆုံးရှုံးမှုများမရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဇ)ကျား – မ ရေးရာ

မောင်းတုံကျေးရွာတွင် ကျားမဆိုင်ရာ အခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများနှင့် အမျိုးသမီးများ ပူးပေါင်းဆောင်ရွက်ကြပါသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်ခြင်း၊ ကလေးထိန်း၊ ရေခပ်ခြင်း၊ အဝတ်အထည်ချုပ်ခြင်း၊ စျေးရောင်းခြင်း လုပ်ငန်းများ လုပ်ကိုင်ပါသည်။ လယ်ယာလုပ်ငန်းခွင်တွင်လည်း အမျိုးသားများသည် လယ်ထွန်ပျိုးနှုတ်လုပ်ငန်းများ လုပ်ဆောင်သကဲ့သို့ အမျိုးသမီးများကလည်း ကောက်စိုက်ပေါင်းနှုတ်လုပ်ငန်းများ ဆောင်ရွက်ပါသည်။ စပါးရိတ်သိမ်းချိန်တွင် အမျိုးသား၊ အမျိုးသမီးများ တက်ညီလက်ညီ ဆောင်ရွက်ကြပါသည်။ မိသားစု အဆင်ပြေစွာ ရပ်တည်နိုင်စေရန် ပြည်ပအလုပ်အကိုင် အခွင့်အလမ်းလုပ်ကိုင်ရာတွင်လည်း အမျိုးသား၊ အမျိုးသမီးအားလုံး သွားရောက်လုပ်ကိုင်ကြကြောင်း တွေ့ရှိရပါသည်။

ဘာသာရေးပွဲများ၊ သာရေး၊ နာရေးပွဲများတွင်လည်း အမျိုးသားများနှင့် အမျိုးသမီးများ ပူးပေါင်းဆောင်ရွက်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အမျိုးသမီး

များသည် အမျိုးသားများကဲ့သို့ ပါဝင်ဆောင်ရွက်ပါသည်။ ဒေသတွင်း အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှု ကိစ္စရပ်များတွင် အမျိုးသမီးများ၏ ဦးဆောင်ပါဝင်မှုအခန်းကဏ္ဍသည် နည်းပါးနေသေးကြောင်း တွေ့ရပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် နှစ်အလိုက်ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	စီမံချက်လုပ်ငန်းအမည်	ဦးစားပေးအဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
၁	လမ်း/တံတား	ရွာတွင်ကွန်ကရစ်လမ်းခင်းခြင်းပင်မလမ်း	၁				
၂	လမ်း/တံတား	ရွာတွင်းလမ်းသွယ်များကွန်ကရစ်ခင်းခြင်း	၂				
၃	ပညာရေး	ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရေး	၃				
၄	စိုက်ပျိုးရေး	စိုက်ပျိုးရေးနည်းပညာနှင့် အရင်းအနှီးရရှိရေး	၄				
၅	မွေးမြူရေး	မွေးမြူရေးနည်းပညာနှင့် အရင်းအနှီးရရှိရေး	၅				

နောက်ဆက်တွဲ (၁)

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

မောင်းတုံကျေးရွာ၊ ပုလဲမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	**လမ်း/တံတား**					
	• ရွာတွင်းလမ်းများ ရာသီမရွေးကောင်းမွန်မှု မရှိခြင်း	• ရာသီမရွေးသွားလာရန် ခက်ခဲခြင်း	• လုပ်အား/ကျောက်ထည့်ဝင်နိုင်ခြင်း	• ငွေကြေးခက်ခဲခြင်း • နည်းပညာနှင့် စက်ယန္တရားမရှိခြင်း	• ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနသို့ တင်ပြဆောင်ရွက်ရန်	▪ ကွန်ကရစ်လမ်းရရှိရေးစီမံချက်
၂။	**ပညာရေး**					
	• ကျောင်းဆောင်သစ်အဆောက်အဦးမရှိခြင်း	• ကျောင်းသား/သူများ ကျောင်းစာသင်ခန်းမလုံလောက်ခြင်း	• ကျောင်းကော်မတီရှိခြင်းနှင့် ကျေးရွာမှ ပညာရေးအပေါ် စိတ်ထက်သန်မှုရှိခြင်း	• ငွေကြေးခက်ခဲခြင်း	• ပညာရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်တင်ပြဆောင်ရွက်ရန်	▪ ၁၂၀' x ၃၀' ကျောင်းဆောင်ရရှိရေးစီမံချက်
၃။	**စိုက်ပျိုးရေး**					

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	• တောင်သူလယ်သမားများဘဝဖွံ့ဖြိုးတိုးတက်မှုမရှိခြင်း	• သီးနှံအထွက်နှုန်းမကောင်းခြင်း • စျေးကွက်စီးပွားရေးစနစ်ပွင့်လင်းမှုမရှိခြင်း • ဝင်ငွေရသီးနှံများပြောင်းလဲစိုက်ပျိုးနိုင်မှုမရှိခြင်း	• စိုက်ပျိုးမြေများရှိခြင်း • တောင်သူများစိုက်ပျိုးရေးကိုစိတ်အားထက်သန်မှုရှိခြင်း	• ငွေကြေးအရင်းအနှီးခက်ခဲခြင်း၊ စိုက်ပျိုးရေးနည်းပညာများခက်ခဲခြင်း	• ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနသို့ တင်ပြဆောင်ရွက်ရန် • စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန်	▪ မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာဖြစ်ရေးစီမံချက်
၄။	**မွေးမြူရေး**					
	• မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများဘဝဖွံ့ဖြိုးတိုးတက်မှု မရှိခြင်း	• မွေးမြူရေးလုပ်ကိုင်သူများ ဖွံ့ဖြိုးတိုးတက်စေရန်	• မွေးမြူရေးလုပ်ကိုင်ရန် နေရာရှိခြင်း • ကျွေးမွေးရန်အစာဝယ်ယူရရှိနိုင်ခြင်း	• ငွေကြေးအရင်းအနှီးမရှိခြင်း • နည်းပညာတပ်ကျမ်းနားလည်မှုနည်းခြင်း	• ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ရန် မွေး/ကုဌာနနှင့် ချိတ်ဆက်အကူအညီယူရန်	▪ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာရရှိရေးစီမံချက်
၅။	**ဘဏ်နှင့်ငွေကျေးဝန်ဆောင်မှု**					
	• စီးပွားရေးလှုပ်ရှားမှုနှင့် အရေးပေါ်ကိစ္စအတွက် ချေးငွေရရှိ	• အစိုးရဌာနချေးငွေများတွင်ကန့်သတ်ချက်များ ဖြင့် အဆင်မပြေ	• ကျေးရွာပြည်သူများချေးငွေပါတ်သက်၍ အကျိုးသက်ရောက်မှု	• ချေးငွ ငွေလုံးငွေရင်းထုပ်ချေးပံ့ပိုးသောအဖွဲ့အစည်းများနှင့်	**• လုပ်ငန်းအလိုက်အစုအဖွဲ့များ ခိုင်မာစွာဖြစ်ပေါ်လာစေရန်**	**• ဘဏ်များငွေကြေးဝန်ဆောင်မှုအဖွဲ့များနှင့် ချိတ်ဆက်နိုင်ရန်**

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	နိုင်မှု ခက်ခဲခြင်း	• ပုဂ္ဂလိကဘဏ်များ အာမခံမပါလျှင်မချေး	ကို နည်းလည်ခြင်း စည်းကမ်းလိုက်နာခြင်း	ချိတ်ဆက်မှု မရရှိခြင်း	**ဆောင်ရွက်ပြီး အစုအဖွဲ့ စနစ်ဖြင့် ဘဏ်နှင့် ငွေကျေးဝန်ဆောင်မှု ပေးသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း**	**စီစဉ်ခြင်း** • **လုပ်ငန်းအလိုက် ကျစ်လစ်ခိုင်မာသည့် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းပြုစုပျိုးထောင်ပေးခြင်း**

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၅	၂	၇
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၁၉	၂၇	၄၆
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၈	၁၆	၄၄
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၃၀	၂၆	၅၆
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၃၉	၃၂၇	၅၆၆
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၂၂	၂၈	၅၀
စုစုပေါင်း		၃၄၃	၄၂၆	၇၆၉
စုစုပေါင်း အိမ်ထောင်စု		၁၅၄		

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ မောင်းတုံကျေးရွာ လူဦးရေစစ်တမ်းအရ နို့စို့မှ အလယ်တန်းအဆင့် အရွယ်ထိ ၂၀% ရှိပြီး အထက်တန်းတက္ကသိုလ်တက်ဆဲနှင့် ဘွဲ့ရများအပါအဝင် အလုပ်လုပ်နိုင်သူဦးရေသည် လူဦးရေ၏ ၇၃% ခန့်ရှိကြောင်းနှင့် သက်ကြီးရွယ်အိုများသည် ၇% အောက်ရှိကြောင်း တွေ့ရှိရပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအခြေခံလုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၆၇	၁၃၅		မြင့်□လတ်☑နိမ့်
	အလုပ်သမား / ဝန်ထမ်း	၃၈	၁၂၀		မြင့်☑လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအပြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃၆	၄၀		မြင့်□□လတ်☑□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၂		မြင့်□□လတ်□□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□□လတ်□□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□□လတ်□□နိမ့်□
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□□လတ်□□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□□လတ်□□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□□လတ်□□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□□လတ်□□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□□လတ်□□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□□လတ်□□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□□လတ်□□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□□လတ်☑□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁၂	၁၇		မြင့်□□လတ်□□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□□လတ်□□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□□လတ်□□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□□လတ်□□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင် ငွေရလုပ်ငန်းအ ြဖစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖ တ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့်□□လတ်□□နိမ့်□
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□□လတ်□□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□□လတ်□□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□□လတ်□□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□□လတ်□□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□□လတ်□□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□□လတ်□□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□□လတ်□□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□□လတ်□□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□□လတ်□□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□□လတ်□□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□□လတ်□□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□□လတ်□□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□□လတ်□□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁၃	၁၃		မြင့်□□လတ်□□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□□လတ်□□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□□လတ်□□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□□လတ်□□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင် ငွေရလုပ်ငန်းအ ပြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖ တ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့်□□လတ်□□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၇၆	၂၅၅		
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□□လတ်□□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□□လတ်□□နိမ့်□
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

<u>လေ့လာတွေ့ရှိချက်</u>။ ။ **မောင်းတုံကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းတွင် ကိုယ်ပိုင်ဆောင်ရွက်သူထက် လုပ်သားအင်အားများပါသည်။ စိုက်ပျိုးရေးကဏ္ဍသည်လည်း ရာသီဥတုမမှန်ခြင်း၊ ဈေးကွက်နိမ့်ကျခြင်း ကြောင့် အကျိုးဖြစ်ထွန်းမှုနည်းပါးပါသည်။ စိုက်ပျိုးရေးကဏ္ဍလုပ်ကိုင်သူများသည် သွန်းအားစုလုပ်အားခ ကုန်ကျမှုများပြီး ထွက်ကုန်တန်ဖိုး ဈေးနှုန်းနည်းပါးခြင်းကြောင့် ထိခိုက်နစ်နာမှုများကြောင့် တွေ့ရှိရပါသည်။**

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၆၀၀၀	၆၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	၆၀၀၀	၆၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ မောင်းတုံကျေးရွာတွင် အလုပ်သမားတစ်ယောက်၏ တစ်နေ့လုပ်အားခမှာ အများဆုံး (၇၀၀၀)ကျပ် အနည်းဆုံး (၄၀၀၀)ကျပ် ပေးရကြောင်း လေ့လာတွေ့ရှိရပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၂၀၄	ကောင်း☑ သင့်☐ ညံ့☐
ယာမြေ / တောင်ယာမြေ	၂၄၈	ကောင်း☐ သင့်☐ ညံ့☐
ဥယျာဉ်ခြံမြေ		ကောင်း☐ သင့်☐ ညံ့☐
ကိုင်း/ ကျွန်းမြေ		ကောင်း☐ သင့်☐ ညံ့☐
ခရိတောမြေ		ကောင်း☐ သင့်☐ ညံ့☐
စားကျက်မြေ		ကောင်း☐ သင့်☐☐☐ညံ့☐
မြေလွတ်မြေလပ်		ကောင်း☐ သင့်☐ ညံ့☐
စုစုပေါင်း	၄၅၂	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ မောင်းတုံကျေးရွာတွင် နည်းပါးပါသည်။ လုပ်စားမြေဧရိယာကျဉ်းမြောင်းကြောင်း စီစစ်တွေ့ရှိရပါသည်။ လယ်မြေ (၂၉၄)ဧကနှင့် ယာမြေ (၂၅၈)ဧကရှိကာ စုစုပေါင်း (၄၅၂)ဧကရှိပါသည်။ ပလပ်မြေ မြေလွတ် မြေလပ် မရှိပါ။ မြေယာချဲ့ထွင်ရန် မြေလွတ်မြေရှိင်းမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ ကျောက်မျက်စသည်။)	များ□ သင့်□□ နည်း□ မရှိ□	လွယ်□ခက်□အသုံးမပြုနိုင်ပါ□
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ☑□သင့်□□ နည်း☑ မရှိ□	လွယ်☑ခက်□အသုံးမပြုနိုင်ပါ□
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ□□သင့်☑□နည်း □ မရှိ□	လွယ်☑ခက်□အသုံးမပြုနိုင်ပါ□
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ□ သင့်□□ နည်း□ မရှိ□	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ မောင်းတုံကျေးရွာတွင် သတ္တုနှင့် သဘာဝတွင်းထွက် သယံဇာတများ မရှိပါ။ ကျောက်၊ သဲ၊ ကျောက်စရစ်ပစ္စည်းများအား အခြားနေရာဒေသများမှ ဝယ်ယူအသုံးပြုရပါသည်။ လွယ်ကူစွာ ဝယ်ယူရရှိပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သောအိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	သင့်	ညံ့
ကုန်ထုတ်လုပ်မှုနှင့်				

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ် ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
ဆိုင်သောပိုင်ဆိုင်မှု				
အဓိကစီးပွားရေး လုပ်ငန်း	**တောင်သူ**	**အသင့်တင့်**	**နည်း**	**မရှိ**
အိမ်ထောင်စု	၂၀	၄၅	၂၀	၁၅

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ မောင်းတုံကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုအနည်းငယ်သာရှိပြီး အိမ်ထောင်စုအားလုံး၏ ၂၀% မပြည့်ပါ၊ အလယ်အလပ် အိမ်ထောင်စုဦးရေသည် အိမ်ထောင်စုဦးရေ၏ ၄၅% ခန့်ရှိပြီး မပြေလည်သော အိမ်ထောင်စုသည် ၂၀%ခန့်ရှိကာ အလွန်မပြေလည်သော အိမ်ထောင်စုမှာ ၁၅% ခန့် ရှိကြောင်း တွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာ ဖူလုံမှု	၂၅	အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =
၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှု	၅၀	အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =
ဖြလမှ၁၂လအထိ ဝမ်းစာဖူလုံမှု	၂၀	အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မောင်းတုံကျေးရွာတွင် သက်ကြီးရွယ်အိုနှင့် မသန်းစွမ်းသည့် ပုဂ္ဂိုလ်မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်☐လတ်☑နိမ့်☐မရှိ☐
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေစိုက်ပျိုးရေ)	မြင့်☑လတ်☐နိမ့်☐မရှိ☐
၃	ရေကြီးခြင်း	မြင့်☐လတ်☐နိမ့်☐မရှိ☑
၄	မိုးခေါင်ခြင်း	မြင့်☑လတ်☐နိမ့်☐မရှိ☐
၅	အအေးလွန်ကဲခြင်း	မြင့်☐လတ်☐နိမ့်☐မရှိ☑
၆	မုန်တိုင်း	မြင့်☐လတ်☐နိမ့်☑မရှိ☐
၇	ငလျင်	မြင့်☐လတ်☐နိမ့်☑မရှိ☐
၈	မီးဘေး	မြင့်☐လတ်☐နိမ့်☑မရှိ☐
၉	ဆားငန်ရေဝင်မြေ	မြင့်☐လတ်☐နိမ့်☐မရှိ☑
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့်☐လတ်☐နိမ့်☐မရှိ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်☑လတ်☐နိမ့်☐မရှိ☐
၁၂	၄က်ဖျားရောဂါ	မြင့်☐လတ်☐နိမ့်☐မရှိ☑
၁၃	တီဘီရောဂါ	မြင့်☐လတ်☐နိမ့်☑မရှိ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်☐လတ်☐နိမ့်☐မရှိ☑
၁၅	ပြည်တွင်းပဋိပက္ခ	မြင့်☐လတ်☐နိမ့်☐မရှိ☑
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့်☐လတ်☐နိမ့်☑မရှိ☐

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁၇	လူကုန်ကူးခြင်း	မြင့်□□□□လတ်□□□□နိမ့်☑□□□မရှိ□
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့်□□□လတ်□□□နိမ့်□□□မရှိ☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မောင်းတုံကျေးရွာသည် စားနပ်ရိက္ခာဖူလုံမှု အသင့်အတင့်ရှိပါသည်။ စိုက်ပျိုးမြေရှားပါးပါသည်။ ရေကြီးခြင်းမရှိပါ။ မိုးခေါင်မှု ပြဿနာ နှစ်စဉ်ကြုံတွေ့ရပါသည်။ သဘာဝဘေးများဖြစ်သော မုန်တိုင်း၊ မီးဘေး၊ ငလျင်ဘေးများသည် အလွန်ထိခိုက်စေသော ဖြစ်စဉ်များ မရှိပါ။ ကူးစက်ရောဂါများလည်း မရှိပါ။ တိရစ္ဆာန်ရောဂါကျရောက်မှုတွင် ပြင်းထန်သော ကူးစက်ရောဂါများ ကျရောက်မှုမရှိကြောင်း စီစစ်တွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့်□□□လတ်□□□နိမ့်☑□□မရှိ□
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့်□□□လတ်☑□□နိမ့်□□□မရှိ□
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်□□□လတ်☑□□နိမ့်□□□မရှိ□
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့်□□□လတ်□□□နိမ့်□□□မရှိ□
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့်□□□လတ်□□□နိမ့်□□□မရှိ□
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့်□□□လတ်□□□နိမ့်□□□မရှိ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့်□□□လတ်□□□နိမ့်□□□မရှိ□
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့်□□□လတ်□□□နိမ့်□□□မရှိ□
၉	ငါးကန်ပိုင်ရှင်များ	မြင့်□□□လတ်□□□နိမ့်□□□မရှိ□
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့်□□□လတ်☑ နိမ့်□□□မရှိ□
၁၁	လူနည်းစုလူမျိုးများ	မြင့်□□□လတ်□□□နိမ့်□□□မရှိ□
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့်□□□လတ်□□□နိမ့်□□□မရှိ□
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့်□□□လတ်□□□နိမ့်□□□မရှိ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့်□□□လတ်□□□နိမ့်□□□မရှိ☑
၁၅	ဆေးစွဲသူများ	မြင့်□□□လတ်□□□နိမ့်□□□မရှိ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်□□□လတ်□□□နိမ့်□□□မရှိ☑
၁၇	လှည့်လည်သွားလာ၍စျေးရောင်းသူများ	မြင့်□□□လတ်□□□နိမ့်□□□မရှိ☑

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁၈	နေရပ်ပြန်အခြေချသူများ	မြင့်□□□လတ်□□□နိမ့်□□□မရှိ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်□□□လတ်□□□နိမ့်□□□မရှိ☑
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့်□□□လတ်□□□နိမ့်□□□မရှိ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မောင်းတုံကျေးရွာတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုအနည်းငယ်သာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁ ☑ ၂ □ ၃ □	၅		၅	ပညာရေး□□□ငွေကြေး□ ကျန်းမာရေး□□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□□□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□ လုံခြုံရေးနှင့် ကာကွယ်ရေး□□	ကောင်း □ သင့်□☑ ညံ့□□□
၂	မီးသတ်အဖွဲ့	၁ ☑□ ၂ □ ၃ □	၁၀	၁၀		ပညာရေး□□□ငွေကြေး□□ ကျန်းမာရေး□□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း□ သင့်□□ ညံ့□□
၃	ပရဟိတ	၁ □ ၂ □ ၃ □				ပညာရေး□□□ငွေကြေး□□ ကျန်းမာရေး□□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/☑ လုံခြုံရေးနှင့် ကာကွယ်ရေး□□	ကောင်း☑ သင့်□□ ညံ့□□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၄	မိဘဆရာအသင်း	၁ □ ၂ □ ၃ □	၇	၅	၁၂	ပညာရေး□☑□ငွေကြေး □□□ ကျန်းမာရေး□□ဘာသာရေး□□ စိုက်ပျိုးမွေးမြူရေး□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□ လုံခြုံရေးနှင့် ကာကွယ်ရေး□□	ကောင်း□ သင့်□☑ ညံ့□□
၅	လူငယ်အဖွဲ့	၁ □ ၂ □□ ၃ □	၁၅	၁၀	၂၅	ပညာရေး□□□ငွေကြေး□□ ကျန်းမာရေး□□ဘာသာရေး□□ စိုက်ပျိုးမွေးမြူရေး□□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□ လုံခြုံရေးနှင့် ကာကွယ်ရေး□□	ကောင်း☑ သင့်□□ ညံ့□□
၆	လမ်းကော်မတီ	၁ □ ၂ □□ ၃ □	၇	၃	၁၀	ပညာရေး □□□ငွေကြေး□□ ကျန်းမာရေး□□ဘာသာရေး□□ စိုက်ပျိုးမွေးမြူရေး□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□ လုံခြုံရေးနှင့် ကာကွယ်ရေး□□	ကောင်း□ သင့်□□ ညံ့□□
၇	ကျေးရွာဖွံ့ဖြိုးရေးကော်မတီ	၁ □ ၂ □□ ၃ □	၈	၃	၁၁	ပညာရေး□□□ငွေကြေး□□ ကျန်းမာရေး□□ဘာသာရေး□□ စိုက်ပျိုးမွေးမြူရေး□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□ လုံခြုံရေးနှင့် ကာကွယ်ရေး□□	ကောင်း□ သင့်□□ ညံ့□□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

<u>လေ့လာတွေ့ရှိချက်</u>။ ။ မောင်းတုံကျေးရွာတွင် မိဘဆရာအသင်း၊ ပရဟိတအသင်းနှင့် လူငယ်အမျိုးသား အမျိုးသမီးအဖွဲ့အစည်းများသည် မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ကြကြောင်း တွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ပတ်မြန်မာ	၁☑□၂□၃□၄□၅□ ၅□၆□၇□၈□၉□	ပညာရေး□□□□□ငွေကြေး□□□ကျန်းမာရေး☑□□□ဘာသာရေး□□ စိုက်ပျိုးမွေးမြူရေး□□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □
၂	ချက်ဗွီ	၁□□□၂□□□၃□□□၄□ ၅□□□၆□□□၇□	ပညာရေး□□□□□ငွေကြေး□□□ကျန်းမာရေး□□□□ဘာသာရေး□□စိုက်ပျိုးမွေးမြူရေး☑□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

<u>လေ့လာတွေ့ရှိချက်</u>။ ။ မောင်းတုံကျေးရွာတွင် ပြင်ပအဖွဲ့အစည်းနှစ်ဖွဲ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ–၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေဝိုင်းဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ဝိုင်းဆိုင်မှု၊ မြေယာဝိုင်းဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေဝိုင်းဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၀	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၈၇	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၂၂	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၂၈	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၇	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၁၅၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာမဲ့(၁၀)ဦးရှိပါသည်။ (၂.၅)ဧကော အောက် တောင်သူ(၈၇)ဦးရှိပါသည်။ (၂.၅)ဧကမှ (၅)ဧကထိ (၂၂)ဦးရှိပါသည်။ (၅)ဧကမှ (၁၂.၅)ဧကထိ တောင်သူလတ်(၂၈)ဦးရှိပါသည်။ (၁၂.၅)ဧကော အထက် တောင်သူကြီး (၇)ဦးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကို သာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရ☐ မဖြေဆိုပါ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကို သာရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
၆	လက်ငင်ရေတွင်း		တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☑ မဖြေဆိုပါ☐
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ ☐	ရှိ☐ မရှိ☑ မဖြေဆိုပါ☐

ရင်းမြစ်... (၁) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊** (၂)
ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။
လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ဆည်ရေရရှိသော်လည်း လုံလောက်မှု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက်(မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	ဆည်ရေ ၁၅၀		၄၀	၈၀	၆၀	သြဂုတ်	ဒီဇင်ဘာ	မြင့်☐☐လတ်☐☐နိမ့်☐	မြင့်☐☐လတ်☐☐နိမ့်☐
စပါး	မိုးရေ ၅၄		၂၅	၆၀	၅၀	သြဂုတ်	ဒီဇင်ဘာ	မြင့်☐☐လတ်☐☐နိမ့်☐	မြင့်☐☐လတ်☐☐နိမ့်☐
မိုးနှမ်း	၁၇၀							မြင့်☐☐လတ်☐☐နိမ့်☐	မြင့်☐☐လတ်☐☐နိမ့်☐
အခြား	၇၈							မြင့်☐☐လတ်☐☐နိမ့်☐	မြင့်☐☐လတ်☐☐နိမ့်☐
ဆောင်းကုလားပဲ	၂၄၈		၉	၁၅	၁၂	အောက်တိုဘာ	ဧန်နဝါရီ	မြင့်☐☐လတ်☐☐နိမ့်☐	မြင့်☐☐လတ်☐☐နိမ့်☐

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးဧက (၄၅၂)ကေရှိပါသည်။ ဆည်ရေသောက်ဧရိယာတွင် ဧက(၁၅၀)ရှိပြီး (၁)ဧကအနည်းဆုံး တင်း(၄၀)မှ အများဆုံးတင်း (၈၀)ထိ ပိုကောင်းသော စပါး(၅၄)ဧက သည် အနည်းဆုံး(၂၅)တင်းမှ အများဆုံး(၆၀)တင်း၊ မိုးနှမ်းစိုက်ပျိုးမှုတွင် ရာသီဥတုမမှန်ခြင်းကြောင့် ရေရှား မှုမရှိပါ။ ဆောင်းသီးနှံကုလားပဲသည် တစ်ဧက အနည်းဆုံး(၉)တင်းမှ အများဆုံး(၁၅)တင်းထွက်ခဲ့သော်လည်း မြေဆီလွှာပျက်စီးမှုများကြောင့် အထွက်နှုန်းလျော့ကြလာကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	၁	-	-	
လက်တွန်းထွန်စက်	၂၃	-	-	
အစေ့ချကိရိယာ	-	-	-	
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	
ရိတ်သိမ်းစက်	-	-	-	
ခြွေလှေ့စက်	၄	-	-	
ရေစုပ်စက်	၆၀	-	-	
ခြေနင်းရေတင်စက်	-	-	-	
မြက်ရိတ်စက်	-	-	-	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

<u>လေ့လာတွေ့ရှိချက်</u>။ ။ မောင်းတုံကျေးရွာတွင် လယ် (၁၉၄)ဧကနှင့် ယာ(၂၅၈)ဧက ထွန်စက်ကြီး(၁)လုံး လက်တွန်းထွန်စက် (၂၃)လုံး ခွေလှေ့စက် (၄)လုံးနှင့် ရေတင်စက် အလုံး(၆၀)ရှိပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (<u>မှန်ရာတစ်ခုကိုသာ</u>ရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း□□□□ကောင်း□□□သင့်တင့်မျှတ□□□□မဖြေဆိုပါ□
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း□□□□ကောင်း☑□□သင့်တင့်မျှတ□□□□မဖြေဆိုပါ□
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ□□□အသင့်အတင့်ရှိ□□□□မဖြေဆိုပါ□
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်□□□□ရသည်□□□မဖြေဆိုပါ□□

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☑သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်□မဖြေဆိုပါ
သဘာဝဗေဒဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ဝယ်ယူရနိုင်သည်□မဖြေဆိုပါ□
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ဝယ်ယူရနိုင်သည်□မဖြေဆိုပါ□
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်ရနိုင်သည်မဖြေဆိုပါ
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်ရနိုင်သည်□မဖြေဆိုပါ□
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်သီးနှံများကိုရောင်းချနိုင်သည်☑မဖြေဆိုပါ

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ မောင်းတုံကျေးရွာ၏ သဘာဝရေမြေရာသီဥတုသင့်တင့်မျှတပါသည်။ လယ်ယာမြေအသုံးချနိုင်မှု ကောင်းပါသည်။ ချေးငွေဝန်ဆောင်မှုရပါသည်။ မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ မြေဩဇာနှင့် ဓာတုဗေဒသွင်းအားစုများကို လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ လုပ်သား၊ နည်းပညာဝန်ဆောင်မှုနှင့် ထွက်ရှိသီးနှံများကို စျေးနှုန်းမှန်ကန်စွာ ရောင်းချနိုင်ကြောင်း တွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက်(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း□ရာသီဥတုမမှန်☑မဖြေဆိုပါ
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ□ လယ်ယာမြေဆုံးရှုံးမှုများသည်

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက်(<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
	လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐ ပလပ်မြေများရှိသည် ပလပ်မြေအသင့်အတင့်ရှိသည် ☐မဖြေဆိုပါ
စိုက်ပျိုးရေးအရင်းအမြစ်	အလွယ်တကူမရနိုင်လုံးဝမရမဖြေဆိုပါ
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်လုံးဝမရမဖြေဆိုပါ
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့် အခြား အော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်လုံးဝမရမဖြေဆိုပါ
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်လုံးဝမရမဖြေဆိုပါ
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ☑သီးနှံများကိုရောင်းချရန် စျေးကွက်မရှိပါ☐မဖြေဆိုပါ
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☑ အနည်းငယ်☐ မဖြေဆိုပါ ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

<u>လေ့လာတွေ့ရှိချက်</u>။ ။ မောင်းတုံကျေးရွာတွင် စိုက်ပျိုးရေးရေ အလွယ်တကူရနိုင်ပြီး သီးနှံစျေးကွက်မှန်ကန်မှုမရှိသောကြောင့် သီးနှံများကို ရောင်းချရန် ခက်ခဲကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၃၉	၁၁၈
နို့စားနွား		
ကျွဲ		

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မြင်း		
မြည်း		
လား		
ဆိတ်	၂ ဦး	၅၅
သိုး	-	-
ဝက်	၃၄	၈၆
ကြက်		၁၁၅၂
ဘဲ	၁	၁၅
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်းမွေးမြူရေးလုပ်ငန်း		
ရေချိုငါးဖမ်းလုပ်ငန်း		
ကမ်းလွန်ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

